Coronavirus COVID-19

safe work australia

# COVID-19

# အလုပ်ခွင် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး– အလုပ်သမားများအတွက် သတင်းအချက်အလက်များ

အလုပ်ခွင် ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေး ဥပဒေများ ပုံစံအရ သင့် အလုပ်ရှင်တွင် အလုပ်ခွင်ရှိ မိမိ၏ အလုပ်သမားများနှင့် အခြားသူတို့၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် စောင့်ရှောက်ပေးရမည့် တာဝန်ရှိသည်။

**အလုပ်သမားများ ဘာလုပ်ရန် လိုအပ်သနည်း။**

သင့်တွင် သင့်ကိုယ်ပိုင် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို သင့်တင့်လျောက်ပတ်စွာ ဂရုစိုက်ပေးရန်နှင့် အခြားသူများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို မကောင်းသော သက်ရောက်မှု မဖြစ်စေရန် တာဝန်ရှိသည်။

သင့် အလုပ်ရှင်က COVID–19 ကို တုံ့ပြန်ရာ၌ သွတ်သွင်းချမှတ်ထားသည့် သင့်တင့်လျောက်ပတ်သော မည်သည့် မူဝါဒများ သို့မဟုတ် ညွှန်ကြားချက်များကိုမဆို သင် လိုက်နာရန် လိုအပ်သည်။ ၎င်းတွင် အိမ်မှ အလုပ်လုပ်ကိုင်ခြင်းကဲ့သို့ အခြားတစ်နေရာမှ အလုပ်လုပ်ကိုင်ခြင်းလည်းပါဝင်သည်။

**အလုပ်ရှင်များ ဘာလုပ်ရန် လိုအပ်ပါသနည်း။**

သင့်အလုပ်ရှင်သည် COVID–19 ဗိုင်းရတ်စ် ထိတွေ့မှုမှ အလုပ်ခွင် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး အပေါ် ဖြစ်ပွားမည့် အန္တရာယ်များကို ဖော်ထုတ်ရမည်။ ၎င်းတို့သည် သင့်တော်သော ကိုယ်တိုင်ကိုယ်ကျ ခပ်ခွာခွာနေရေး – အလုပ်ခွင်တွင် လူတိုင်းအား အနည်းဆုံး ၁.၅ မီတာ အကွာ ကိုယ်တိုင်ကိုယ်ကျခွာနေပေးခြင်းကို ချမှတ်ထားခြင်း အပါအဝင် အစိုးရ ညွှန်ကြားချက်များကို လိုက်နာရန် လိုအပ်သည်။

COVID–19 ဗိုင်းရတ်စ်မှ အန္တရာယ်များမှာ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်း–လူမှုရေးဆိုင်ရာ ဖြစ်နိုင်သည်။

COVID–19 ဗိုင်းရတ်စ် အထိအတွေ့၏ အန္တရာယ်ကို စီမံရန် သင့် အလုပ်ရှင် လုပ်နိုင်သည့်အရာမှာ သင့် အလုပ်ခွင်နှင့် သင် လုပ်သည့် အလုပ် အပေါ် မူတည်ပါမည်။ သင့်အလုပ်ရှင်သည် သူတို့ လုပ်ရန်စီစဉ်သည့် အကြောင်းကို သင်နှင့် ပြောဆိုသင့်သည်။

သူတို့သည်–

- လူများအကြား နီးနီးကပ်ကပ် ထိတွေ့မှုကို ရှောင်ရှားရန် အရေးယူဆောင်ရွက်ချက်များ သွတ်သွင်းချမှတ်နိုင်သည် – အလုပ်ခွင်တွင် လူတိုင်းအား အနည်းဆုံး ၁.၅ မီတာ အကွာ ကိုယ်တိုင်ကိုယ်ကျခွာနေပေးရန်ဖြစ်သည်။
- အလုပ်သမားများအနေဖြင့် မိမိတို့၏ လက်များကို ဆပ်ပြာနှင့်ရေဖြင့် အနည်းဆုံး စက္ကန့် ၂၀ ဆေးကြောစေရန် သို့မဟုတ် အရက်ပျံကို အခြေခံထုတ်လုပ်ထားသည့် လက်သန့်စင်ရည် သုံးစေရန် သင့်တော်သော သန့်စင်ရေး ပံ့ပိုးပစ္စည်းများကို ရရှိစေရန် ချပေးထားခြင်းအားဖြင့် အလုပ်ခွင်ရှိ လူတိုင်းအား ကောင်းမွန်သော တစ်ကိုယ်ရေး သန့်စင်မှု လုပ်စေရန် တိုက်တွန်းနိုင်သည်
- ကိုယ်ရေးကိုယ်တာ အကာအကွယ်ပေး ကိရိယာပစ္စည်း ရရှိစေရန် ပေးအပ်နိုင်သည်

Coronavirus COVID-19 | safe work australia

- အလုပ်ခွင်တွင် သန့်ရှင်းရေးကို တိုးမြှင့်လုပ်စေနိုင်သည်
- အလုပ်ခွင်သို့ အခြားသူများ လာရောက်မှုကို ကန့်သတ်နိုင်သည်
- သင့်အား အခြားတစ်နေရာမှ အလုပ်လုပ်ရန် ညွှန်ကြားနိုင်သည်– ဤကိစ္စသည် အလုပ်ခွင် ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ အန္တရာယ်များကို ပြောင်းလဲ၊ တိုးမြှင့် သို့မဟုတ် ဖန်တီးနိုင်ကောင်းသည်။

**ကျွန်ုပ်တွင် COVID-19 ဖြစ်နေသည်ဟု ကျွန်ုပ် ထင်မြင်လျှင် ကျွန်ုပ် ဘာလုပ်သင့်သနည်း။**

သင်သည် –

- ဆေးဘက်ဆိုင်ရာ အကြံဉာဏ် ရှာ သင့်သည်
- အလုပ်သို့ မသွားသင့်ပါ
- အမြန်ဆုံး သင့် အလုပ်ရှင်ကို ပြောပြသင့်ပြီး အကယ်၍ သင့် အခြေအနေ ပြောင်းလဲလျှင် သူတို့အား နောက်ဆုံးသတင်း ပြောပြသင့်သည် ဥပမာ သင့်တွင် ဗိုင်းရတ်စ် ရှိကြောင်း အတည်ပြုခံရလျှင်ဖြစ်သည်

**အကယ်၍ မလုံခြုံလျှင် ကျွန်ုပ် အလုပ်ကို ရပ်လိုက်နိုင်သလား။**

အကယ်၍ သင့်လုံခြုံရေးနှင့်ပတ်သက်ပြီး သင် စိုးရိမ်လျှင် သင်၏ အလုပ်ရှင် သို့မဟုတ် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး ကိုယ်စားလှယ် (Health and Safety Representative (HSR)) နှင့် စကားပြောဆိုပါ။

အချို့သော အခြေအနေများ၌ အလုပ်သမားများတွင် ဘေးမကင်း မလုံခြုံသော အလုပ်ကို လုပ်ရန် ရပ်ဆဲနိုင်သည့် သို့မဟုတ် ငြင်းဆိုနိုင်သည့် အခွင့်မအရေး ရှိသည်။ အကယ်၍ ချက်ချင်း သို့မဟုတ် ဖြစ်အံ့ဆဲဆဲ ဘေးအန္တရာယ်တစ်ခုမှ သင့် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအပေါ် ကြီးလေးသော အန္တရာယ် ကျရောက်လိမ့်မည်ဟု သင့်တင့်လျောက်ပတ်သော စိုးရိမ်မှုရှိလျှင် သင့်တွင် ဤအခွင့်အရေးရှိသည် – ၎င်းတွင် COVID-19 ဗိုင်းရတ်စ်နှင့် ထိတွေ့မှု ပါဝင်နိုင်သည်။

လုံခြုံမှု မရှိခြင်းကြောင့် သင် အလုပ်ကို ရပ်ဆိုင်းလိုက်လျှင် သင် သင့်အလုပ်ရှင်အား အမြန်ဆုံး ပြောပြရန် လိုအပ်သည်။ သင်သည် သင့်တော်သော နောက်တစ်ခု အလုပ်ကို လုပ်ရန်လည်း လုပ်နိုင်ရမည်၊ အိမ်မှနေ၍ အလုပ်လုပ်ကိုင်ခြင်း ကဲ့သို့ဖြစ်သည်။

**ပိုမိုသော အချက်အလက်များ**

ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးတို့နှင့်ပတ်သက်သည့် အချက်အလက်များကို Safe Work Australia website တွင်ကြည့်ရှုပါ

သင့်၏ ခွင့်နှင့်လစာ တို့နှင့်ပတ်သက်သည့် အချက်အလက်များကို Fair Work Ombudsman တွင်ကြည့်ရှုပါ

ကျန်းမာရေး အချက်အလက်များကို health.gov.au တွင်ကြည့်ရှုပါ

WHS ဥပဒေများ ပုံစံကို ဗစ်တိုးရီးယားပြည်နယ်နှင့် အနောက်သြစတြေးလျပြည်နယ်တို့မှလွဲ၍ အားလုံးသော စီရင်ပိုင်ခွင့်ရှိသောနယ်မြေများတွင် သွတ်သွင်းထားပြီးဖြစ်ကြောင်း ကျေးဇူးပြု၍ မှတ်သားထားပါ။ သင်၏ အလုပ်နေရာအတွက် သီးခြား သတင်းအချက်အလက်များအတွက် ကျေးဇူးပြု၍ သက်ဆိုင်ရာ WHS regulator in your state or territory ကို ဆက်သွယ်ပါ။